**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ (၇၅) နှစ်ပြည့် စိန်ရတု ကရင့်အမျိုးသားနေ့ သို့ ပြောကြားသော မိန့်ခွန်း

**ကရင့်အမျိုးသား အပေါင်းတို့**

ယနေ့ **ကရင့် အမျိုးသားနေ့** တွင် ပြည်တွင်းပြည်ပနှင့် နယ်စဒေသ အပြင် အဝေးရောက် ပြည်ပနိုင်ငံ အသီးသီးရှိ မိမိတို့ ကရင့်အမျိုးသားများအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်း တောင်း မေတ္တာပို့သအပ်ပါသည်။ ယနေ့ ဖေဖော်ဝါရီလ (၁၁)ရက်နေ့သည် မိမိတို့ ကရင့်အမျိုးသားများအတွက် **ကရင့် အမျိုးသားနေ့** အဖြစ် ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ(၂၃)ရက်နေ့မှ (၂၅)ရက်နေ့အထိ ကျင်းပသော ပထမဦးဆုံး **ကော်သူးလေ ညီလာခံကြီး** တွင် ဂုဏ်ပြုကျင်းပရန် တရားဝင် စတင်အသိ အမှတ်ပြုသည့်နေ့ ဖြစ်ပါသည်။ ဤနေ့ရက်အား **ကရင့် အမျိုးသားနေ့(Karen National Day)** အဖြစ် အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။ ယနေ့သည် ကရင်အမျိုးသားတို့၏ (၇၅)နှစ်ပြည့် စိန်ရတု ကရင်အမျိုးသားနေ့ ဖြစ်ပါသည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် မြန်မာနိုင်ငံအနှံ့နေထိုင်ကြသော ကရင်အမျိုးသားများ တို့သည် အုံ့မခန်းစွာဖြင့် ဆန္ဒဖော်ထုတ်လှုပ်ရှားကျင်းပခဲ့သော ကရင့်အမျိုးသားထုကြီး၏ သမိုင်းဝင် ဆန္ဒဖော်ထုတ် လှုပ်ရှားမှု ကြီး ဖြစ်သည်။ ကရင့်အမျိုးသားထုကြီး၏ ဆန္ဒဖော်ထုတ်လှုပ်ရှားမှုကြီးသည် အငြိမ်းချမ်းဆုံး နှင့် စည်းကမ်းအရှိဆုံး ဆန္ဒဖော်ထုတ်လှုပ်ရှားမှုကြီးဖြစ်ပြီး ကမ္ဘာ့သမိုင်းဝင်ခဲ့သည်။ မိမိတို့ ကရင့်အမျိုးသား၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင် နှင့် ကရင့်အမျိုးသားရေး ဆိုင်ရာ ကိစ္စရပ်များတွင် ကရင့်အမျိုးသားများ မျက်စိဖွင့်နားစွင့်နေကြပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် စိတ်ဓာတ်ခွန်အား အပြည့်ရှိကြောင်း အမျိုးသား လှုပ်ရှားမှုကြီးအား ထုတ်ဖော်ပြသသည့်နေ့ ဖြစ်ပါသည်။ မိမိတို့ ကရင့်အမျိုးသားများ၏ ဂုဏ်အင်္ဂါရပ်များနှင့် အမျိုးသားလက္ခဏာရပ်များသည် အေးအေးချမ်း နေထိုင်လိုသည့် စိတ်ဆန္ဒ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ဗီလာဆန့်ကျင်သည့် ကရင့်အမျိုးသား၏ ဓလေ့စရိုက်နှင့် လူမှုဘဝကို ယဉ်ယဉ်ကျေးကျေးနှင့် ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြသခဲ့ကြသည့် နေ့လည်း ဖြစ်ပါသည်။ ထိုနေ့အား ပြန်လည်အမှတ်ရ သိရှိစေပြီး ကရင်အမျိုးသားတို့၏ အမျိုးသားရေးအသိနှင့် မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်မှုကို သက်ဝင်စေရန် ဖြစ်သည်။

ကရင့်အမျိုးသားများ၏ ထုတ်ဖော်တောင်းဆိုချက်များတွင်၊

(၁) ကရင်ပြည် ချက်ခြင်းပေး (ကရင်ပြည် အသိအမှတ်ပြုရေး)(လွပ်လပ်ရေး)

(၂) ကရင်တကျပ် ဗမာတကျပ် ချက်ခြင်းပြ (တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်)(ဒီမိုကရေစီရေး)

(၃) ပြည်တွင်းစစ် အလိုမရှိ (ငြိမ်းချမ်းရေး)

(၄) လူမျိုးရေး အဓိကရုဏ်း အလိုမရှိ (လူမျိုးတမျိုးနှင့် တမျိုးအကြား လေးစားအသိအမှတ်ပြုခြင်း) (ချစ်ကြည်ရင်းနှီးရေး)

များတို့ကို တောင်းဆိုခဲ့ကြသည့်အတိုင်း ကရင့်အမျိုးသားများ၏ လိုလားချက်များကို ဂုဏ်သိက္ခာရှိရှိ သိမ်သိမ်မွေ့မွေ့နှင့် အေးအေးချမ်းချမ်း ထုတ်ဖော်ပြသခဲ့ကြပါသည်။

## ကရင့်အမျိုးသား အပေါင်းတို့

ကရင့်အမျိုးသားထု၏ လှုပ်ရှားမှုကြီးသည် ၁၈၈၁ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် **ကရင့်အမျိုးသား အသင်း** (**Karen National Association -KNA**)မှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ မိမိတို့ ကရင့် အမျိုးသားများသည် ဗြိတိသျှအစိုးရမှ သင့်တင့်လျှောက်ပသော ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် မိမိတို့ ကရင့် အမျိုးသားထုကြီး၏ ကိုယ်ပိုင်အစွမ်းအစဖြင့် အားသွန်ခွန်စိုက်နှင့် စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်းအားထုတ်မှု များကြောင့် မိမိတို့ ကရင်အမျိုးသားများ အဖက်ဖက်မှ တိုးတက်မှုများကို ရရှိခဲ့ကြသည်။ လူမှုရေး၊ ပညာရေး၊ ကျန်မာရေး၊ ဆောက်လုပ်ရေး၊ စီးပွါးရေး အပြင် စစ်ရေးစစ်ရာများနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုနှင့် အခန်းကဏ္ဍများတွင်လည်း ဘက်စုံ တတ်ကြွမ်းလာခဲ့ကြသည်။

ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ရှိလာသည်နှင့်အမျှ ကရင့်အမျိုးသားများသည် စာပေ၊ အသိပညာ နှင့် ခေတ်နှင့်ဆိုင်သော အတတ်ပညာများတွင် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် ခဲ့ကြပါသည်။ အသိပညာ နှင့် အတတ်ပညာများတွင် တိုးတက်မြင့်မားလာသော မိမိတို့၏ အမျိုးသားများသည် မိမိတို့၏ အမျိုးသားများ အား စည်းရုံးရေးနှင့်ခေါင်းဆောင်မှုများတွင် ကျွမ်းကျင်စွာ လုပ်ဆောင်လာနိုင်ကြသည်။ ကရင့်အမျိုးသားများနှင့် သက်ဆိုင်သော အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်လာကြပြီး စီမံခန့်ခွဲမှုများကိုလည်း ကောင်းမွန်စွာ လုပ်ဆောင်လာနိုင်ကြသည်။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသား လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် ကျွမ်းကျင်စွာ ဦးဆောင်လာကြပါသည်။ စီးပွါးရေး ဆိုင်ရာ ကိစ္စရပ်များတွင်လည်း သိသိ သာသာ တိုးတက်မြင့်မား လာကြပါသည်။ ထိုခေတ်ထိုအခါက မိမိတို့ ကရင့်အမျိုးသားများသည် စိတ်ဓာတ် ရေးရာအရ မြင့်မား၊ တက်ကြွလျှက်ရှိပြီး မိမိတို့ ကရင့်အမျိုးသားများအပြင် မိမိတို့၏ နိုင်ငံအား တိုးတက်ကြီးပွါးစေမည့် မည်သည့် လုပ်ရပ်မျိုးကိုမဆို ကြိုးပမ်းအားထုတ် ခဲ့ကြပါသည်။ အစွမ်းကုန် ကြိုးစားအားထုတ် လာကြပါသည်။

## ကရင့်အမျိုးသား အပေါင်းတို့

မိမိတို့ ကရင်အမျိုးသားများ၏ အမျိုးသားရေး လှုပ်ရှားမှုသမိုင်း၊ အသိပညာ အတတ်ပညာ မြင့်မားလာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အားလုံး၏ နောက်ခံ အကြောင်းအရင်းများကို လေ့လာသုံးသပ် ကြည့်ပါက ရေးကြီးသည့် အဓိက အချက်ကြီး (၃) ရပ်ကို တွေ့ရှိနိုင်ပါသည်။

(၁) ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုသည် အခြားသော လုံခြုံမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအားလုံး ၏ အခြေခံ အကြောင်းတရား ဖြစ်ပါသည်။

(၂) သက်ဆိုင်ရာ ကရင့်အမျိုးသားများ၏ အဖွဲ့အစည်းများ၊ မိမိတို့ ကရင့်အမျိုးသားများ၏ အရေးနှင့် လူထုရေးရာ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု အသိပညာ၊ အတတ်ပညာနှင့် နည်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများသည်

မိမိတို့ ကရင့်အမျိုးသားများ၏ ဖွံ့ဖြိုးတိုးတက်ရခြင်း၏ အခြေခံ အကြောင်းအရင်း နောက်တရပ် ဖြစ်ပါသည်။

(၃) မိမိတို့ ကရင့်အမျိုးသားများ၏ စီးပွါးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရခြင်း၏ အခြေခံ အကြောင်းတရား သည် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကြောင့်သာလျှင်ဖြစ်ပြီး ဤစီးပွါးရေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကြောင့် မိမိတို့ ကရင့်အမျိုးသားများ၏ အမျိုးသားရေး လှုပ်ရှားမှု အရှိန်အဟုန် အလျှင်အမြန် ကြီးထွား လာခဲ့ရခြင်း ဖြစ်ပါသည်။

အထက်ပါ အဓိက အကြောင်းတရားကြီး (၃)ရပ်သည် မိမိတို့ကရင့် အမျိုးသားများ၏ စိတ်ဓာတ် ရေးရာအရ မြှင့်မားလာစေခြင်း၊ ရှင်သန်နိုးကြားလာစေခြင်း၊ စည်းလုံးညီညွတ်မှု၏ အင်အားနှင့် ဖွံ့ဖြိုး တိုးတက်မှုများကို တွန်းအားပေးခဲ့သည့် အဓိက အခြေခံ အကြောင်းတရားများ ဖြစ်ပါသည်။ မိမိတို့ ကရင့် အမျိုးသားများ၏ သိက္ခာ အရှိန်အဝါ၊ ဂုဏ်သတင်းနှင့် ကြီးကျယ်ခန်းနားမှုများကိုလည်း ကမ္ဘာအထိ ထင်ပေါ်ကျော်ကြားစေခဲ့ပါသည်။

**ကရင့်အမျိုးသား အပေါင်းတို့**

ဤကဲ့သို့ **ကရင့်အမျိုးသားနေ့**(Karen National Day)နေ့ထူးနေ့မြတ်ကြီးအား ကျင်းပနေ ကြသည့် အခါသမယ တွင် အထက်ပါ အကြောင်းအရင်းကြီး (၃)ရပ်အား အထူးသတိရှိကြရန် လိုအပ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ အသိပညာ၊ အတတ်ပညာနှင့် စီးပွါးရေးဆိုင်ရာ လုံခြုံမှုများ ကင်းမဲ့နေ ခြင်းသည် လူမျိုးတမျိုးအဖြစ် ဂုဏ်သိက္ခါရှိရှိ ဖွံ့ဖြိုးတိုးတက်လာရန် လုံးဝမဖြစ်နိုင်ကြောင်း ပြန်လည် အောက်မေ့ သတိရှိနေရန် လိုအပ်ပါသည်။ ထို့ကြောင့်၊ မိမိတို့၏ **ကရင့် အမျိုးသားနေ့** (Karen National Day) ကြီးကို ဂုဏ်ပြုကျင်းပသည့် အချိန်တိုင်း မိမိတို့ ကရင့်အမျိုးသားများ၏ သမိုင်းကြောင်း၊ ကရင့်အမျိုးသားများ၏ ဘဝအတွေ့အကြုံနှင့် မိမိတို့ ကရင့်အမျိုးသား ခေါင်းဆောင်ကြီးများ နှင့် မိမိတို့ ကရင့်အမျိုးသားများ၏ ယခင် အချိန်ကာလက ကြိုးပမ်းအားထုတ်မှုများကို ပြန်လည် သတိရအောက်မေ့ပြီး ဂုဏ်ပြုကြရန် အရေးကြီး ပါသည်။ သို့သော် ခေါင်းဆောင်ကြီးများတို့၏ ကြိုးပမ်းအားထုတ်မှု များကို ပြန်လည်သတိရအောက်မေ့ ဂုဏ်ပြုရုံ လောက်နှင့်မပြီးဘဲ ခေါင်းဆောင်ကြီးများတို့၏ ချမှတ်ခဲ့သည် အမျိုးသား ရေးဆိုင်ရာမျော်မှန်းချက် နှင့် နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက် တို့ကို ပြည့်မီရရှိရေးအတွက် ကရင်အမျိုးသားများ အားလုံးတို့မှ ကျရာကဏ္ဍ တို့တွင် ပူးပေါင်းပါဝင် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

**ကရင့်အမျိုးသား အပေါင်းတို့**

ယနေ့ မိမိတို့၏ **ကရင့်အမျိုးသားနေ့** (Karen National Day)ကို အဓိပ္ပါယ် အပြည့်အဝဖြင့် ကျင်းပနိုင်ရန် မိမိတို့ **ကရင့် အမျိုးသားနေ့** ၏ သမိုင်းကြောင်း၊ ကရင့်အမျိုးသားများ၏ ဘဝအတွေ့အကြုံ၊ မိမိတို့ ကရင့်အမျိုးသား ခေါင်းဆောင်ကြီးများနှင့် မိမိတို့ ကရင့်အမျိုးသားများ၏ ယခင့် အချိန်ကာလက ကြိုးပမ်း အားထုတ်မှုများအား ပြန်လည်အောက်မေ့ခြင်းဖြင့် ဂုဏ်ပြုကြပါ။ မိမိတို့ ကရင့်အမျိုးသား၏အရေး ကို စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ် ဖြင့် ကြိုးပမ်းအားထုတ်ကြရမည်ကို အထူးသတိရှိကြပြီး မိမိတို့၏ အမျိုးသားရေး သမိုင်းများတို့ကိုလည်း ကရင် အမျိုးသားရေး တာဝန်ကို ဆက်လက် ပခုံးပြောင်းတာဝန်ယူမည့် မျိုးဆက်သစ်ကရင်လူငယ်များ သိရှိနားလည်နိုင်ရေး အတွက် အားသွန်ခွန်စိုက် ပိုမိုပြီးရေးသားဖေါ်ထုတ် ကြရပါမည်။ ထို့အပြင်၊ မိမိတို့ အမျိုးသားများခေါင်းဆောင် ကြီးများ တို့၏ ပေးဆပ်ခဲ့ကြသော သမိုင်း၊ သွေး၊ ချွေး အသက်ဝိဉာဉ်တို့အပြင် ယခင့်အချိန်ကာလက မိမိတို့

ကရင့်အမျိုးသား ခေါင်းဆောင်ကြီးများနှင့် ကရင့်အမျိုးသားများ၏ စည်းလုံးညီညွတ်သည့်အမြင် နှင့် စည်းလုံးညီညွတ်မှု အားဖြင့် ကြိုးပမ်းမှုများအတိုင်း ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်း လိုပါသည်။

ကရင်အမျိုးသားနေ့ (၇၅)နှစ်မြောက် စိန်ရတုမှသည် လုံခြုံမှုရှိပြီး တည်ငြိမ်အေးချမ်းသည့် ကရင်အမျိုးသားတို့၏ အနာဂတ်ဘဂသာယာလှပရေးအတွက် ကရင်အမျိုးသားအချင်းချင်းကြား၊ ကရင်အမျိုးသား အဖွဲ့အစည်းအချင်းချင်းကြား မှန်ကန်သည့် မျိုးချစ်စိတ်ဓါတ်ကို အခြေခံ၍ မိမိတို့၏ အမျိုးသားရေး မျှော်မှန်းချက် နှင့် နိုင်ငံရေးရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိ ရရှိရေးအတွက် နားလည်မှုရှိရှိ အပြန်အလှန် ဖေးမကူညီမှုများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ချီတက်တိုက်ပွဲဝင်သွားကြပါစို့ ဟု တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး**

**ဥက္ကဌ**

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**

**ဗဟိုဌာနချုပ်**